**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သောသတင်းလွှာ ( ၄/၂၀၁၃ )**

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်

အကြောင်းအရာ။ **မော်တော်ကား Show Room ဖွင့်လှစ်ခွင့်ပြုခြင်းနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းများသတ်မှတ်ခြင်းကိစ္စ**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အနာဂတ်ကာလတွင် ပြည်သူပြည်သားများသည် မော်တော်ယာဉ်များကို မိမိတတ်နိုင်သောငွေကြေးဖြင့် မော်တော်ယာဉ် အရောင်းပြခန်း (Show Room) များမှဖြစ်စေ၊ ပြည်ပမှတိုက်ရိုက်မှာယူတင်သွင်း၍ဖြစ်စေ လွတ်လပ်စွာဝယ်ယူသုံးစွဲသွားလာနိုင်ရန် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

၂။ လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်ရာတွင် ကြိုက်နှစ်သက်ရာကားများကို ပြည်တွင်း၌ပင် လွတ်လပ်စွာရွေးချယ်ဝယ်ယူနိုင်ရန်အတွက် မော်တော်ယာဉ်အရောင်းပြခန်း(Show Room) ဖွင့်လှစ်ခွင့်နှင့် လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ၏ (၈/၂၀၁၃) အစည်းအဝေးသို့တင်ပြခဲ့ရာ သဘောတူခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မော်တော်ကားအသစ်များ တင်သွင်းရောင်းချမည့် မော်တော်ကားအရောင်းပြခန်း (Show Room) ဖွင့်လှစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ပူးတွဲပါအတိုင်း ထုတ်ပြန်အပ်ပါသည်။

**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# Show Room စနစ်ဖြင့် မော်တော်ယာဉ်အသစ်များတင်သွင်းခြင်း၊ ရောင်းချဖြန့်ဖြူးခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

**နိဒါန်း**

၁။ နိုင်ငံတော်အစိုးရသည် ပြည်သူလူထုအကျိုးငှာ လက်ရှိအသုံးပြုနေသည့် အိုမင်းဟောင်းနွမ်းနေသော ပုဂ္ဂလိကပိုင် မော်တော်ယာဉ်များသည် စက်သုံးဆီ ပိုမိုသုံးစွဲရခြင်းကြောင့် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်မှုဖြစ်ခြင်း ၊ ယာဉ်များ၏ ကြံ့ခိုင်မှုအားနည်းခြင်းသည် ယာဉ်မတော်တဆမှုများကို ဖြစ်စေခြင်း ၊ ယာဉ်ကြောများပိတ်စေခြင်း ၊ ယာဉ်များမှထွက်သော မီးခိုးငွေ့များသည် သဘာဝပတ်ဝန်းကျင်ထိခိုက်စေခြင်းတို့ကြောင့် အစားထိုးလဲလှယ်နိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ပါသည်။

၂။ မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် ယာဉ်မှတ်ပုံတင်သက်တမ်း အနှစ် (၄၀) ကျော်ယာဉ်များ ၊ အနှစ် (၃၀) မှ အနှစ် (၄၀) ကြားယာဉ်များ ၊ အနှစ် (၂၀) ကျော်မှ အနှစ် (၃၀) ကျော်ယာဉ်များအား အစားထိုးလဲလှယ်ရေးအစီအစဉ်အရ ကနဦးဆောင်ရွက်ပေးခဲ့ပြီး ၊ ထိုမှတဆင့် အနှစ် (၂၀) ကျော်ယာဉ်များအား အစားထိုးအပ်နှံ၍ တင်သွင်းလာသည့် ယာဉ်များအပေါ် “ပ” အက္ခရာအထိ ယာဉ်မှတ်ပုံတင်ခအား (၄၀) ရာခိုင်နှုန်း ၊ “ဗ” အက္ခရာမှ နှစ်စဉ် အနှစ် (၂၀) ကျော်ယာဉ်များအတွက် ယာဉ်မှတ်ပုံတင်ခအား (၆၀) ရာခိုင်နှုန်း လျှော့ချကောက်ခံခဲ့ပါသည်။ ယခုလက်ရှိအခြေအနေ၌ တပ်မတော်ဌာနဆိုင်ရာများမှ လေလံစနစ်ဖြင့် ရောင်းချပြီး ပြန်လည်မှတ်ပုံတင်ထားသည့် ယာဉ်များအား ပိုင်ရှင်၏ဆန္ဒအရ အစားထိုးလဲလှယ်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ယာဉ်ပိုင်ရှင်များအနေဖြင့် ပြည်ပမှ မော်တော်ကား မှာယူရာတွင် အခက်အခဲမဖြစ်စေရန်အတွက် Sale Center များ၌ ဝယ်ယူနိုင်ပြီး ၊ လက်ရှိအခြေအနေ၌ Sale Center (၁၃၁) ခုဖွင့်လှစ်၍ ဝယ်ယူနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ အနာဂတ်ကာလတွင် နိုင်ငံတော်ရှိပြည်သူပြည်သူများအနေဖြင့် မော်တော်ယာဉ်အရောင်းပြခန်းများမှဖြစ်စေ ၊ နိုင်ငံခြားမှ မှာယူတင်သွင်း၍ဖြစ်စေ ဝယ်ယူသုံးစွဲသွားနိုင်သည်အထိ ရည်မှန်းချက်ထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၄။ မော်တော်ယာဉ်တင်သွင်းခြင်းနှင့်ပတ်သက်၍ စနစ်တကျ ထိန်းချုပ်နိုင်ရန်နှင့် ပြည်သူများ အတွက်အန္တရာယ်ကင်းရှင်းစေရန် ၊ သဘာဝပတ်ဝန်းကျင်မပျက်စီးစေရေးအတွက် တင်သွင်းခွင့် ပြုမည့်မော်တော်ယာဉ်များအပေါ် မူတစ်ရပ်ချမှတ်ဆောင်ရွက်ရန်။

**လုပ်နည်း**

၅။ အောက်ပါအတိုင်းအပိုင်း (၄) ပိုင်းခွဲ၍ ဆောင်ရွက်ပါမည် -

(က) မော်တော်ယာဉ်အသစ်များ Show Room ဖွင့်လှစ်၍ တင်သွင်းခြင်း

( ခ ) Show Room ဖွင့်လှစ်ခြင်း

( ဂ ) မော်တော်ယာဉ်ရောင်းချခြင်း

( ဃ) ထိန်းသိမ်းခြင်း (After Sale Services)

၆။ **မော်တော်ယာဉ်အသစ်များ Show Room ဖွင့်လှစ်၍ တင်သွင်းခြင်း**

(က) မော်တော်ယာဉ်တင်သွင်းရာတွင် ဈေးနှုန်းအာမခံချက် (Ex-Factory Price) အတွက် သက်ဆိုင်ရာနိုင်ငံရှိ ကုန်သွယ်ရေးဌာနများနှင့် မြန်မာနိုင်ငံရှိသံရုံးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ စီစစ်ပြီးတစ်ဆင့် ထောက်ခံချက်ပေး၍ လိုက်နာ ဆောင်ရွက်ရန်လိုအပ်ပါသည်။။ ကားတင်သွင်းသည့် အရေအတွက်ကို အမျိုးအစား အလိုက် ပြသနိုင်ရန် ဈေးကွက် လိုအပ်ချက်အရ တင်သွင်းခွင့်ပြုသင့်ပါသည်။

(ခ ) အရောင်းပြခန်းဖွင့်လှစ်ရန်အတွက် ပင်ရင်းကုမ္ပဏီ၊ Regional Office မှ Distributorship ၊ Dealership အား ခွင့်ပြုပေးသည့် စာအထောက်အထားရယူခြင်း ဆောင်ရွက်ရမည်ဖြစ်သည်။

(ဂ) စာအထောက်အထားမှန်/မမှန်၊ Distributorship ၊ Dealership သို့ ခွင့်ပြုပေးမှု ရှိ/မရှိ အားသက်ဆိုင်ရာနိုင်ငံသို့ E-mail/ Fax/ Telephone များဖြင့်တိကျသော အထောက်အထားများ ပြန်လည်တောင်ခံပြီးမှသာ Show Room ဖွင့်လှစ်ခွင့်အား စိစစ်ဆောင်ရွက်၍ စီးပွားရေးအကျိုး ဆောင်လက်မှတ်ခွင့်ပြုမည်ဖြစ်သည်။

(ဃ) Show Room ပါမစ်လျှောက်ထားမှုအား လူပုဂ္ဂိုလ်တစ်ဦးချင်းအား ခွင့်ပြုပေး လျက်ရှိ သည့် ဘဏ်စာရင်းဖွင့်လှစ်မှုအတိုင်းခွင့်ပြုမည်။

(င) မော်တော်ယာဉ်အသစ်များ Show Room ဖွင့်လှစ်၍ တင်သွင်းရောင်းချလိုသည့် ကုမ္ပဏီ သည် အောက်ပါအချက်များနှင့်ပြည့်စုံရမည် -

(၁) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက် ခွင့်ရှိသော ကုမ္ပဏီအဖြစ်မှတ်ပုံတင် ရမည်။ **(Services)**

(၂) တင်သွင်းရောင်းချလိုသည့် မော်တော်ယာဉ်အသစ်များကို ထုတ်လုပ်သည့် ပင်ရင်းကုမ္ပဏီမှဖြစ်စေ၊မော်တော်ယာဉ်ထုတ်လုပ်သည့် ကုမ္ပဏီ၏ဒေသတွင်း တရားဝင် ရောင်းချ ခွင့်ရရှိထားသည့် နိုင်ငံခြားကုမ္ပဏီအဖွဲ့အစည်းမှဖြစ်စေ၊ မြန်မာနိုင်ငံတွင် မော်တော်ယာဉ်သစ်များ ဖြန့်ဖြူးရောင်းချရန် အရောင်း ကိုယ်စားလှယ် (Distributorship) အဖြစ် တရားဝင် ခန့်အပ်ခြင်းခံရသူ ဖြစ်ရမည်။

(၃) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် စီးပွားရေး အကျိုး ဆောင် မှတ်ပုံတင်လျှောက်ထားရမည်။

(၄) Show Room လုပ်ငန်းကို အဆင့်မီစွာ တည်ထောင် ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(၅) တင်သွင်းရောင်းချသည့် မော်တော်ယာဉ်အသစ်များအတွက် ထုတ်လုပ်သူ ကိုယ်စား Guarantee ပေးနိုင်ရမည်။

(၆) တင်သွင်းသည့်မော်တော်ယာဉ် အသစ်များအတွက် လိုအပ်သည့် Guarantee (အာမခံမှု) ၊ Spare Parts အပိုပစ္စည်းများရောင်းချနိုင်မှု ရောင်းချပြီး နောက်ပိုင်း ပြင်ဆင်မှုများ (After Sale Services) ကို ဆောင်ရွက်နိုင်မည့် အလုပ်ရုံ တစ်ပါတည်း တည်ထောင် ဆောင်ရွက်ပေးနိုင်ရမည်။

(၇) တစ်ဖက်နိုင်ငံ၏ Export Certificate, Insurance Policy ရှိ ဖော်ပြထား သောဈေးနှုန်းများ၊ ကုန်ရောင်းသူ၏ Shipping Invoice နိုင်ငံတကာရှိ မော်တော်ယာဉ် Association တို့၏ ဈေးနှုန်းပါ စာအုပ်စာတမ်းတို့ဖြင့် တင် သွင်းသည့်မော်တော်ယာဉ်၏ဈေးနှုန်းကို ကိုးကားရမည်။

( အကောက်ခွန်ဦးစီးဌာနနှင့်ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ပါသည်။)

(စ) Show Room လုပ်ငန်းလုပ်ကိုင်ခွင့်အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ခွင့်ပြုပြီးပါက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် သတ်မှတ် ထားသည့်အတိုင်း မှတ်ပုံတင်ဆောင်ရွက်ရမည်။

(ဆ) Show Room တွင်ရောင်းချမည့်ယာဉ်များအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၌ စတိအမှတ် ရယူရပါမည်။ မော်တော်ယာဉ်များအား ဆိပ်ကမ်းမှ မထုတ်ယူမီ ရယူရမည်ဖြစ်ပါသည်။ ရောက်ရှိလာသော မော်တော်ယာဉ်များ၏ စီးရေ၊ အမျိုးအမည်၊ အမျိုးအစား၊ စတိအမှတ်ပါအချက်များ ကိုက်ညီမှန်ကန်ရပါမည်။ စတိမှတ်ပုံတင်ခြင်းအတွက် သတ်မှတ်ထားသည့် နည်းလမ်းများကို လိုက်နာဆောင်ရွက်ရပါမည်။

(ဇ) မော်တော်ယာဉ်အသစ်များဖြစ်၍ Model Year အား ရောက်ရှိခုနှစ်နှင့် ရောက်ရှိခုနှစ်အောက် တစ်နှစ်နိမ့်ပြီး (လက်ရှိကာလတွင် ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ် မော်ဒယ်) အသုံးမပြု ရသေးသော Brand New (ဘယ်စတီယာရင်) ယာဉ်ကိုသာ တင်သွင်းခွင့်ပြုရမည်။

(ဈ) မြန်မာနိုင်ငံသည် လက်ယာကပ်မောင်းစနစ် ကျင့်သုံးသောနိုင်ငံဖြစ်သည့် အတွက် တင်သွင်းယာဉ်များအား ဘယ်စတီယာရင်စနစ်သာ တင်သွင်းခွင့် ပြုရပါမည်။

၇။ **Show Room ဖွင့်လှစ်ခြင်း**

(က) မော်တော်ယာဉ်အသစ်များ Show Room ဖွင့်လှစ်ခြင်းအတွက် သက်ဆိုင်ရာ တိုင်း/ပြည်နယ် ဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့ များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ကို လုပ်ထုံး လုပ်နည်းနှင့်အညီ တင်ပြခွင့်ပြုချက် ရရှိပြီးဖြစ်ရမည်။

(ခ) စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနတွင် Show Room လုပ်ငန်း လုပ်ကိုင်ခွင့်နှင့် ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် လျှောက်ထားရယူရမည်။

(ဂ) မော်တော်ယာဉ်အရောင်းပြခန်းများတွင် နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်ချက်များကို အောက်ပါအတိုင်း ဖြည့်ဆည်းပေးရန်လိုအပ်ပါသည် -

(၁) အာမခံပေါ်လစီ (Insurance Policy) ထားရှိခြင်း။

(၂) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံချက်ထားရှိခြင်း။

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကန့်သတ်ချက်များ လိုက်နာဆောင်ရွက်ခြင်း။

(၄) သက်ဆိုင်ရာ Show Room နှင့် ကုမ္ပဏီများမှ After Sales Service လုပ်ငန်းများအား နိုင်ငံတကာ အဆင့်မီ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်း။

(၅) သင့်လျော်သော ယာဉ်အပိုပစ္စည်း (Spare Parts) ပစ္စည်းများ ထားရှိခြင်း အပါအဝင် Sale, Spare Parts, Service Facility, Show Room အဆင့်ဆောင်ရွက်နိုင်မည့် အစီအစဉ်များအား တင်ပြခြင်း။

၈။ **မော်တော်ယာဉ်ရောင်းချခြင်း**

(က) ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်ရရှိပြီးသော လုပ်ငန်းရှင်သည် ကိုယ်စားလှယ်ခန့်အပ်သည့် ပြည်ပကုမ္ပဏီအဖွဲ့အစည်းထံမှ Show Room တွင် တင်သွင်းပြသရောင်းချမည့် မော်တော်ကားများသည် Brand New နောက်ဆုံးထုတ် မော်ဒယ်များသာ တင်သွင်းရမည်။ Brand New တင်သွင်းသည့် ယာဉ်များအား ကိုယ်ပိုင်ယာဉ်အဖြစ်အသုံးပြုလျှင် သက်တမ်း (၃) နှစ် သတ်မှတ်ပေးပါမည်။ အငှားယာဉ်ဖြစ်ပါက သက်တမ်း (၁) နှစ် သတ်မှတ်ပါမည်။ တင်သွင်းရာတွင် အမျိုးအစားအလိုက် ကုမ္ပဏီတစ်ခုလျှင် အမျိုးအစား (၁၀၀) စီးထက် မများသော အရေအတွက် ကိုတင်သွင်းခွင့်ပြုပါမည်။

(ခ ) နမူနာတင်သွင်းထားသည့် မော်တော်ကားများ ရောင်းချပြီးပါက အစားထိုး၍ တင်သွင်းခြင်းကို အပ်ကုန်စနစ် (Consignment Basis) ဖြင့် လည်းကောင်း ၊ Normal LC စနစ်ဖြင့်လည်းကောင်း တင်သွင်းခွင့်ပြုမည်။

(ဂ ) နိုင်ငံတော်မှသတ်မှတ်ထားသော အခွန်ပေးဆောင်ခြင်းအား လူပုဂ္ဂိုလ်တစ်ဦးချင်း တင်သွင်း ခြင်း၌ Custom Duty, Commercial Tax အား ဆိပ်ကမ်းရောက်ရှိစဉ် ပေးဆောင်စေခြင်း ၊ Show Room နှင့် အရောင်းကိုယ်စားလှယ် (Dealer) များမှ မော်တော်ယာဉ်များအား Show Room တွင် ရောင်းချစဉ် ဈေးနှုန်းသတ်မှတ်နိုင်ရန်အတွက် Custom Duty နှင့် Commercial Tax အား ဆိပ်ကမ်းရောက်ရှိစဉ် တစ်ပါတည်းပေးဆောင်စေခြင်း ဆောင်ရွက်ရန်လိုအပ်ပါသည်။

(ဃ) Show Room တွင် မော်တော်ကားများ တင်သွင်းပြသရောင်းချခြင်း၊ ရောင်းရငွေကို နိုင်ငံခြားကုမ္ပဏီထံ ပြန်လည်ပေးချေခြင်းအစီအစဉ်ကို အပ်ကုန်စနစ်လုပ်ထုံးလုပ်နည်းအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(င ) Custom Duty နှင့် Commerical Tax ပေးသွင်းပြီးပါက သွင်းကုန်လိုင်စင်ပါ တင်သွင်း သူ၏ အမည်လိပ်စာပါအတိုင်း ကနဦးမှတ်ပုံတင်ဆောင်ရွက်ပေးပါမည်။ Show Room တွင် ပြသရောင်းချမည့် ကားများအား မော်တော်ယာဉ်တင်သွင်းခွင့် ဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဝယ်ယူခွင့်ရှိသူများကိုသာ ရောင်းချပြီးပါက ဝယ်သူအမည်ဖြင့် က.ည.န မှတ်ပုံတင်ကိစ္စရပ်များ ဆက်လက်ဆောင်ရွက်ရမည်။ ယာဉ်မှတ်ပုံတင်မည့်စာရင်းနှင့် ရောင်းချမည့်စာရင်းတို့ကို ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်။

(စ ) မော်တော်ယာဉ်ဈေးနှုန်းများအား Manufacturer မှ သတ်မှတ်ထားသော Dealer Price List ပါ ဈေးနှုန်းဖြင့် တင်သွင်းရောင်းချရန်။

(ဆ) Warranty သတ်မှတ်ရာတွင် ရောင်းချပြီး မော်တော်ယာဉ်အသစ်များ၏ Warranty ကာလကို သက်ဆိုင်ရာ Dealership ပေးအပ်သည့် Companny များ၏ သတ်မှတ်ချက်အတိုင်း တာဝန်ယူပေးရန် လိုအပ်ပါသည်။

(ဇ ) သက်ဆိုင်ရာ Show Room ဖွင့်လှစ်မည့်မြို့နယ်ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရုံးများတွင် ကနဦး ယာဉ်မှတ်ပုံတင်လုပ်ငန်းအား ဆောင်ရွက်ပေးပါမည်။ ကနဦးမှတ်ပုံတင် မော်တော်ယာဉ်များ၏ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခကို သတ်မှတ်ထားသည့်အတိုင်းပေးသွင်းရပါမည်။

(ဈ ) Show Room တွင် ရောက်ရှိစီးရေ၊ ရောင်းချပြီးစီးရေ၊ လက်ကျန်စီးရေများ ကိုက်ညီမှု ရှိ/မရှိနှင့် တင်သွင်းထားသော မော်တော်ယာဉ်များသည် စည်းကမ်းချက်များနှင့်ကိုက်ညီမှုရှိရပါမည်။ စစ်ဆေးရေး အဖွဲ့မှ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်မည်ဖြစ်ပြီး စစ်ဆေးခံနိုင်မှုရှိရပါမည်။

**၉။ ထိန်းသိမ်းခြင်း**

(က) မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို Service Center များမှ အောက်ပါ အတိုင်း စီစဉ်ဆောင်ရွက်ပေးသင့်ပါသည် -

(၁) Show Room နှင့်အနီးပတ်ဝန်းကျင်တွင် Service Center ဖွင့်လှစ်ထားရှိရန်နှင့်ဝန်ဆောင်မှု လုပ်ငန်းများ ပုံမှန်ဆောင်ရွက်ပေးရန် လိုအပ်ခြင်း ၊ ပုံမှန်ကြွံခိုင်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း ၊ သာမန်အသေးစား ပြင်ဆင်မှုများ၊ စစ်ဆေးမှုများဆောင်ရွက်ပေးခြင်း၊ အကြီးစားပြင်ဆင်မှုများ ဆောင်ရွက်ပေးခြင်း ၊ ယာဉ်အပိုပစ္စည်းများ မှာယူတင်သွင်း၍ လဲလှယ်တပ်ဆင်ပေးခြင်း ၊ ယာဉ်ပြုပြင် ထိန်းသိမ်းမှုဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများ ပို့ချပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ရပါမည်။

(၂) သက်ဆိုင်ရာ Dealership လက်မှတ်ရ ကျွမ်းကျင်စက်ပြင်များ၊ အင်ဂျင်နီယာများဖြင့်သာ ပြုပြင်လုပ်ကိုင်ခွင့်ပြုခြင်း။

(၃) ပြုပြင်သည့် လုပ်ငန်းဌာနတွင် နိုင်ငံတကာအဆင့်မီသော စက်ကိရိယာများသာ တပ်ဆင်အသုံးပြုခြင်း။

(၄) လုပ်ငန်းခွင်စွန့်ပစ်ပစ္စည်းများအား သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရန် စီမံဆောင်ရွက်ပေးသင့်ခြင်း။

(၅) လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးထိခိုက်မှု မရှိစေရေးနှင့် မီးဘေးကာကွယ်ရေးတို့အတွက် စီမံဆောင်ရွက်ထားရှိခြင်း။

(၆) မော်တော်ယာဉ်အစိတ်အပိုင်းချို့ယွင်းမှုများ ပေါ်ပေါက်လာပါက ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လိုအပ်သော ပြုပြင်မှုများကို အချိန်မဆိုင်း ဆောင်ရွက်ပေးခြင်း၊အချိန်မှန် စစ်ဆေးပေးခြင်းတို့ကို တာဝန်ယူ ဆောင်ရွက်ပေးရပါမည်။

(၇) ကြံခိုင်ထိန်းသိမ်းမှု၊ ဝန်ဆောင်မှုများဆောင်ရွက်နိုင်ရန် ကျွမ်းကျင်သော စက်ပြင်များ၊ အင်ဂျင်နီယာများဖြင့် Service Team ကိုဖွဲ့စည်းထားရှိရမည်။

(၈) Service Workshop ၌ နိုင်ငံတကာအဆင့်မီ မော်တော်ယာဉ်ပြင်စက် ကိရိယာများ (Auto Equipments) များကို ပြည့်စုံစွာတပ်ဆင်ထားရှိရမည်။

**နိဂုံး**

၁၀။ Show Room များဖွင့်လှစ်ရာတွင် အရောင်းကိုယ်စား လှယ်သဘောတူညီမှု အထောက်အထားများ (Dealership Agreement) ၊ ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ သဘောတူညီချက်( Service Agreement) ၊ယာဉ်အပိုပစ္စည်းအရန်သင့်ထားရှိနိုင်ရန်ဆောင်ရွက်ချက် (Spare Parts Assurance) ၊ ရောင်းချမှု သဘောတူညီချက် (Sales Agreement) စသည့် အထောက်အထားများသည် အဓိက လိုအပ်ချက် ဖြစ်ပါသည်။

၁၁။ မြန်မာနိုင်ငံအတွင်းရှိ မော်တော်ယာဉ်အမျိုးမျိုးကို သုံးစွဲသူများနှင့် ပြည်သူများအတွက် လုံခြုံစိတ်ချမှုရှိစေရန်အတွက် စနစ်တကျထိန်းချုပ်နိုင်မည့် မူဝါဒတစ်ရပ်ကို အချိန်မီပြဋ္ဌာန်း ပေးခြင်းဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပြီး၊ သင့်တင့်မျှတသော ယှဉ်ပြိုင်ရောင်းချမှုများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။